ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

# သတိပြုဖွယ် E-စီးကရက်(Vape) အန္တရာယ်

### E-စီးကရက်၏ ပုံစံအမျိုးမျိုး



E-စီးကရက် (Vape) သောက်သုံးခြင်းသည် - ဆေးလိပ်၊ စီးကရက်များ သောက်သုံးခြင်းကဲ့သို့ သုံးစွဲသူ၏ အဆုတ်ကို ဆိုးရွားစွာ ထိခိုက်စေခြင်း၊ သုံးစွဲသူတွင် ကင်ဆာရောဂါ အမျိုးမျိုး ဖြစ်ပွားနိုင်ခြေ အလွန်မြင့်မားခြင်းတို့ကို တွေ့ရှိရပါသည်။

### E-စီးကရက်(Vape)၏ အစိတ်အပိုင်းများ





## E-စီးကရက်(Vape) အငွေ့တွင် ပါဝင်သော အန္တရာယ်ရှိပစ္စည်းများ

အငွေ့ပျံလွယ်သော အော်ဂဲနစ်ဒြပ်ပေါင်းများ



နီကိုတင်း





သာမန်မျက်စိဖြင့် မမြင်နိုင်သော အမှုန်များ

ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းများ





နီကယ်၊ သံဖြူ၊ ခဲသား စသည့် သတ္တုပစ္စည်းများ



အဆုတ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် ရနံ့အရသာပေးသော ဓာတုပစ္စည်းများ

## E–စီးကရက် (Vape) ၏ နောက်ဆက်တွဲဆိုးကျိုးများ

E– စီးကရက် (Vape) တွင် စီးကရက်နှင့် အခြားဆေးလိပ်/ဆေးရွက်ကြီးထုတ်ကုန်ပစ္စည်းကဲ့သို့ပင် သုံးစွဲသူကို စွဲလမ်းစေတတ်သော နီကိုတင်းဓာတ်နှင့် အသက်အန္တရာယ်ဖြစ်စေသော ဓါတုပစ္စည်းများစွာ ပါဝင်ပါသည်။
နောက်ဆက်တွဲဆိုးကျိုးများအနေနှင့်

- လူငယ်များတွင် ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေခြင်း၊ အာရုံစူးစိုက်နိုင်မှုကို ကျဆင်းလာခြင်း နှင့် သင်ယူနိုင်စွမ်းရည် နည်းပါးလာခြင်းတို့ဖြစ်ပေါ်စေနိုင်ပါသည်။
- E–စီးကရက် (Vape) ငွေ့တွင် ပါဝင်သော ဓာတုပစ္စည်းများသည် အဆုတ်ကို ထိခိုက်ပျက်စီးစေသကဲ့သို့ နောက်ဆက်တွဲကင်ဆာရောဂါများကိုလည်း ဖြစ်ပွားစေနိုင်ပါသည်။
- E–စီးကရက် (Vape) အတွင်းရှိ ဘက်ထရီချွတ်ယွင်းပြီး ပေါက်ကွဲခြင်းမှ ပြင်းထန်သော ထိခိုက်ဒဏ်ရာများ ရရှိနိုင်ပါသည်။
- E–စီးကရက် (Vape) အရည် ကို မတော်တဆသောက်မိခြင်း၊ တိုက်ရိုက်ရှူမိခြင်း၊ မျက်စိထဲဝင်ရောက်ခြင်း နှင့် အရေပြားပေါ်ထိခြင်းတို့ကြောင့် အန္တရာယ်ဖြစ်စေပြီး ကလေးငယ်များတွင် အသက်ဆုံးရှုံး သည်အထိ ဖြစ်စေနိုင်ပါသည်။
- E–စီးကရက် (Vape) သောက်သုံးသူများထံမှ ထွက်လာသော အငွေ့များသည် ပတ်ဝန်းကျင်မှ လူအများကိုရှူရှိုက်မိပြီး ၎င်းတို့ကို အန္တရာယ်ဖြစ်စေပါသည်။

**E– စီးကရက်(Vape) သောက်သုံးခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်ပါသည်။**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲနှင့် မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲတို့ ပူးပေါင်းထုတ်ဝေသည်။

ဖေဖော်ဝါရီ ၂၀၂၅